

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
စိုက်ပျိုးရေးဦးစီးဌာန
ရန်ကုန်တိုင်းဒေသကြီး



ကိုယ့်အားကိုယ်ကိုး၊ ကိုယ့်မျိုးကိုယ်ထား၊ ခေါင်နှံစနစ်ဖြင့် မျိုးသန့်ပွားစို့လား

ဒေါ်ဇာနွယ်လင်း
လက်ထောက်ဦးစီးမှူး
မော်ဘီမြို့နယ်

နိဒါန်း

- မြန်မာနိုင်ငံအတွက်ဆန်စပါးသည်အဓိကစားနပ်ရိက္ခာဖြစ်သောကြောင့်ပြည်တွင်းစားသုံးမှု ဖူလုံစေရုံသာမက ပြည်ပပို့ကုန်အဖြစ် တင်ပို့နိုင်ရန်စိုက်ပျိုးလျက်ရှိသော သီးနှံတစ်ခုဖြစ်ပါသည်။
- နိုင်ငံတကာစျေးကွက်တွင် ယှဉ်ပြိုင်နိုင်ရန်အတွက် အထွက်နှုန်းနှင့် အရည်အသွေး ကောင်းမွန်သော မျိုးကောင်း/သန့်များအား ရွေးချယ်စိုက်ပျိုးကြရန် လိုအပ်ပါသည်။
- မျိုးစေ့ထုတ်လုပ်ရေးလုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ပိုးမွှားရောဂါကာကွယ်နှိမ်နင်းခြင်း၊ဓါတ်မြေဩဇာနစ်တက်အချိန်ကိုက်အချိုးညီသုံးစွဲနိုင်ရေး၊ တောင်သူပညာပေးစံပြကွက်/စမ်းသပ်ကွက်များ စိုက်ပျိုးပြသခြင်း၊သီးနှံရာသီအလိုက်တောင်သူပညာပေးဆွေးနွေးခြင်း၊လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊တောင်သူများ၏အခက်အခဲများကို Online မှတဆင့် ViberGroup ဖွဲ့၍ဖြေရှင်းဆောင်ရွက်မှုများနှင့်တောင်သူ့စိုက်ခင်းများသို့ Covid19 စည်းမျဉ်းစည်းကမ်းများနှင့်အညီကွင်းဆင်းပညာပေးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

ရည်ရွယ်ချက်

- ✓ ကိုယ့်အားကိုယ်ကိုးကိုယ့်မျိုးကိုယ်ထားစနစ်ဖြင့်မျိုးသန့်ပွားစိုက်ပျိုးနည်းအားတောင်သူများလိုက်နာကျင့်သုံးလာစေရန်နှင့် တစ်ပိုင်တစ်နိုင်စိုက်ကွက်မှသည်တစ်ကွင်းတစ်စပ်စိုက်ခင်းအဖြစ် ပြောင်းလဲစိုက်ပျိုး၍မျိုးသန့်ပွားစိုက်ပျိုးလာနိုင်စေရန်နှင့်တောင်သူများ၏ စိုက်ကေအားလုံး မျိုးသန့်လွှမ်းခြုံစိုက်ပျိုးလာနိုင်စေရန်
- ✓ မျိုးသန့်စိုက်ပျိုးရခြင်း၏ အကျိုးကျေးဇူးများအား တောင်သူများ ခံစားလာနိုင်စေရန်
- Covid-19 ရောဂါဖြစ်ပွားမှုကြောင့် အသွားအလာကန့်သတ်မှုများ ရှိနေသော်လည်း Covid19ကြိုတင်ကာကွယ်နှိမ်နင်းရေးစည်းကမ်းချက်များနှင့်အညီတောင်သူနည်းပညာပေးလုပ်ငန်းများစဉ်ဆက် မပြတ် ပြုလုပ် ဆောင်ရွက်နိုင်ရန်
- စိုက်ပျိုးရေးနည်းပညာများအားICTနည်းပညာဖြင့်တောင်သူများ၏လိုအပ်ချက်နှင့်အခက်အခဲများအားသိရှိပြီးလွယ်လင့်တကူချိတ်ဆက်ဖြေရှင်းပေးနိုင်ရန်

ICT နည်းပညာနှင့်ယှဉ်တွဲ၍တောင်သူပညာပေးခြင်း ဆောင်ရွက်သည့် လုပ်ငန်းများ

- အထွက်နှုန်းနှင့်အရည်အသွေးကောင်းမွန်သော ဈေးကွက်ဝင်သည့်မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် တောင်သူများ၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေခြင်း
- တောင်သူများဖြင့်ပါဝင်ဖွဲ့စည်းထားသော"မော်ဘီမြို့နယ်တောင်သူနည်းပညာပေး" Viber Group ဖြင့်ချိတ်ဆက်၍ နည်းပညာပေးခြင်း၊ ဆွေးနွေးခြင်း
- တောင်သူ့စိုက်ခင်းထဲသို့ သွားရောက်ကြည့်ရှုရန်လိုအပ်လာသည့်အခါတွင်လည်း Covid-19 စည်းကမ်းနှင့်အညီကွင်းဆင်းကြည့်ရှုပေးခြင်း
- တောင်သူများနှင့်တိုက်ရိုက်တွေ့ဆုံရမည့်လုပ်ငန်းများပေါ်ပေါက်လာသည့်အခါတွင် Covid-19 စည်းကမ်းနှင့်အညီ ပညာပေးခြင်း၊ လုပ်ငန်းများဆောင်ရွက်ခြင်း
- တောင်သူများ လာရောက်ကြည့်ရှုနိုင်ရန် တောင်သူပညာပေးစံပြကွက်များ စိုက်ပျိုးဆောင်ရွက်ထားရှိခြင်း

ခေါင်နှံစနစ်ဖြင့် မျိုးသန့်ပွားစိုက်ပျိုးခြင်း

ကျေးရွာအုပ်စု အမည်	- မြောင်းတကာအုပ်စု
တောင်သူ အမည်	- ဦးဟိန်းမင်းအောင်
ကွင်းအမှတ်	- ၆၆၀
ဦးပိုင်အမှတ်	- ၃/၂
စပါးမျိုးအမည်	- ထိုင်းနှံကောက်
ရယူသည့် ခေါင်နှံအရေအတွက်	- ၂၀၀၀
စိုက်ကေ	- ၁.၀၀ ကေ
ပျိုးထောင်သည့် နေ့စွဲ	- ၂၀.၁၂.၂၀၂၀
စိုက်ပျိုးသည့် နေ့စွဲ	- ၁၉.၁.၂၀၂၁

ခေါင်နှံစနစ်ဖြင့် မျိုးသန့်ပွားစိုက်ပျိုးခြင်းဌာလိုက်နာ ဆောင်ရွက်ခဲ့သည့် အခြေခံအချက်များ

- **ခေါင်နှံ ရယူစုဆောင်းခြင်း**
  (R/S မျိုးသန့်စိုက်ပျိုးထားသော စပါးခင်းမှခေါင်နှံယူ)
- **ပျိုးထောင်ခြင်း၊ ပျိုးဘောင်ပြုလုပ်ခြင်း၊**

(၁/၂")အနက်၊(၄")ခြား၊စိုက်မြောင်း(၅၀)-(၁၈')/၁၀၀နှုံ





ခေါင်နှံစနစ်ဖြင့် မျိုးသန့်ပွားစိုက်ပျိုးခြင်း

➢**စိုက်ကွက်ရွေးချယ်ခြင်း၊ ပျိုးနှုတ်/ စိုက်ပျိုးခြင်း**

- ✓ ပျိုးသက်-(၂၀)ရက်သားဌ ပျိုးနှုတ်
- ✓ ခေါင်နှံတစ်နှံမှ အသန်စွမ်းဆုံး ပျိုးပင် (၃၀-၅၀)ရွေးချယ်၍ စည်း
- ✓ ပျိုး(၁)စည်း-ပျိုးပင်(၃၀-၅၀)
- ✓ တစ်တန်းလျှင်_ ပျိုးပင်(၃၀)သာစိုက်
- ✓ တန်းကြား×ပင်ကြား-(၁၀"×၁၀")
- ✓ ခေါင်နှံပျိုးစည်း(၂၀၀၀)-၁.၀၀ကော
- ✓ ခေါင်နှံ(၁၀၀)ကောက်ကွက်တစ်ခုနှင့် တစ်ခုကြား-(၂')ခြား









ခေါင်နှံစနစ်ဖြင့် မျိုးသန့်ပွားစိုက်ပျိုးခြင်း

- **မျိုးသန့်စိုက်ခင်းအားထိန်းသိမ်းခြင်း**
  - ✓ Data များကောက်ယူခြင်း
  - ✓ ပိုးမွှား/ရောဂါ ကာကွယ်ခြင်း
  - ✓ ပေါင်းမြက်များ နှိမ်နင်းခြင်း
  - ✓ မြေဩဇာသုံးစွဲခြင်း-

ကွန်ပေါင်း(၁၅:၁၅:၁၅)(၁/၂)အိတ်/ဧက

ယူရီးယား-(၁)အိတ်/ဧက

ပိုတက်-(၁/၂)အိတ်/ဧက

  - ✓ မျိုးကွဲနှုတ်ပယ်ခြင်း
  - ✓ မျိုးသန့်စိုက်ကွက်အားရိတ်သိမ်းခြင်း








နွေစပါးခေါင်နှုံ(၁.၀၀)ကော စိုက်ပျိုးခြင်း၏ စံကွက်ရိတ်သိမ်းမှု မှတ်တမ်း

စဉ်	Y-Method	ကောင်း	သင့်	ညံ့	ပျမ်းမျှ
၁	တစ်ကေရှိကောက်ကွက်ပေါင်း	၆၀၀၀၀	၆၀၀၀၀	၆၀၀၀၀	၆၀၀၀၀
၂	အနှံပါပင်ပွား	၁၄	၁၂	၁၀	၁၂
၃	တစ်နှံပါအစေ့ပေါင်း	၁၂၂	၁၂၀	၁၂၀	၁၂၁
၄	တစ်နှံပါအောင်စေ့	၁၀၇	၁၀၃	၁၀၀	၁၀၃
၅	အောင်စေ့%	၈၇.၇၀	၈၅.၈၃	၈၃.၃၃	၈၅.၁၂
၆	အစေ့(၁၀၀၀)အလေးချိန်(ဂရမ်)	၂၉	၂၉	၂၉	၂၉
၇	တစ်ကေအထွက်တင်း	၁၂၉.၀၀	၁၀၄.၆၉	၈၃.၃၁	၁၀၂.၉၇
၈	အစိုအထွက်(နို့ဆီဗူးပေါင်း) -တင်း/ကော	၁၅.၅ဗူး ၁၂၁ တင်း	၁၂.၅ဗူး ၉၇.၆၂	၁၀ဗူး ၇၈.၁၀	၁၂.၅ဗူး ၉၇.၆၂
၉	အခြောက်အထွက်တင်း/ကေ(အစိုဓါတ်၁၄%)	၁၀၉တင်း	၈၇.၈၅တင်း	၇၀.၂၉တင်း	၈၇.၈၅တင်း


ခေါင်နှံစနစ်ဖြင့် မျိုးသန့်ပွားစိုက်ပျိုးခြင်း၏ တစ်ကေကုန်ကျစရိတ်နှင့် အကျိုးအမြတ်

စဉ်	တစ်ကေကုန်ကျစရိတ်	မိုးစပါး	နွေစပါး
၁	တစ်ကေအကျိုးအမြတ်	၃၇၉၅၀၀ ကျပ်	၄၄၁၅၀၀ ကျပ်
၂	တစ်ကေအထွက်နှုန်း	၈၀ တင်း	၈၇.၈၅ တင်း
၃	တစ်တင်းဈေးနှုန်း	၉၀၀၀ ကျပ်	၉၀၀၀ ကျပ်
၄	တစ်ကေဝင်ငွေ	၇၂၀၀၀၀ကျပ်	၇၉၀၆၅၀ ကျပ်
၅	တစ်ကေကုန်ကျစရိတ်	၃၄၀၅၀၀ ကျပ်	၃၄၉၅၀၀ ကျပ်
၆	တစ်ကေဝင်ငွေအချိုး	၁:၂.၁၁	၁:၂.၂၆
၇	တစ်တင်းကုန်ကျစရိတ်	၄၂၆၀ ကျပ်	၃၉၈၀ ကျပ်
၈	ရေအခွန်အခ	-	၉၀၀၀ ကျပ်

နှစ်အလိုက်ခေါင်နှံစနစ်ဖြင့် မျိုးသန့်ပွားစိုက်ပျိုးခြင်း




နှစ်အလိုက်ခေါင်နှံစနစ်ဖြင့် မျိုးသန့်ပွားစိုက်ပျိုးခြင်း



ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်နှင့် အကြံပြုသုံးသပ်ချက်


- စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၏ အဓိကတာဝန်ကြီး (၃)ရပ်အနက်မှ မျိုးကောင်းမျိုးသန့်ထုတ်လုပ်ရေး လုပ်ငန်းကိုနှစ်စဉ်ဆောင် ရွက်လျက်ရှိပါသည်။
- နှစ်စဉ်ခေါင်နှံယူ၍မျိုးသန့်ပွားများစိုက်ပျိုးခြင်းဖြင့်ကိုယ့်အားကိုယ်ကိုးကိုယ့်မျိုးကိုယ်ထား စနစ်အားတောင်သူများလိုက်နာကျင့်သုံးလာစေပြီးတစ်ပိုင်တစ်နိုင်စိုက်ကွက်မှသည် တစ်ကွင်း တစ်စပ်တည်းစိုက်ခင်းအဖြစ်မျိုးသန့်ပွားများစိုက်ပျိုးလာခြင်းကြောင့်အထွက်နှုန်းတိုးတက်လာ ပြီးဝင်ငွေများပိုမို ရရှိလာမည်ဖြစ်ပါ ကြောင်း သုံးသပ်တင်ပြအပ်ပါ သည်။
- ထို့အပြင်လာမည့်နှစ်စိုက်ပျိုးရာသီများတွင်စိုက်ပျိုးပညာပေးရေးဝန်ထမ်းများမှမိမိတို့ကျေး ရွာအုပ်စုအလိုက်တောင်သူများပါဝင်သည့်နည်းပညာပေးViberGroupများဖွဲ့စည်းဆောင်ရွက် ခြင်းဖြင့်ICTနည်းပညာပြန့်ပွားမှုတိုးတက်အောင်ဆောင်ရွက်လာနိုင်မည်ဖြစ်ကြောင်းအကြံပြု တင်ပြအပ်ပါသည်။


တောင်သူများပါဝင်ဖွဲ့စည်းထားသော Viber Groupဖြင့် ဖွဲ့စည်း ဆောင်ရွက်ခြင်း




- ✓ "မှော်ဘီမြို့နယ်တောင်သူပညာပေး" Viber Group

တောင်သူမှ ပိုးမွှားရောဂါကျရောက်နေမှုအား VIBER GROUP တွင် မေးမြန်းခြင်းနှင့် ပြန်လည်ဖြေကြားပေးခြင်း








စိုက်ပျိုးနည်းပညာဆိုင်ရာAPPLICATIONများထည့်သွင်းပေးခြင်းနှင့်COVID19စည်းကမ်းချက်များနှင့်အညီပညာပေးဆွေးနွေးပွဲများဆောင်ရွက်ခြင်း

- ✓ Plant Protection. App
- ✓ Green Way.App
- ✓ Htwet Toe.App



စပါးမျိုးစေ့ထုတ်တောင်သူများအား မြေဩဇာထောက်ပံ့ပေးအပ်ခြင်း





တောင်သူစိုက်ခင်းသို့ ကွင်းဆင်းကြည့်ရှုပေးခြင်းနှင့် လုပ်ဆောင်ရမည့် အချက်များ လမ်းညွှန်ပေးခြင်း









ရန်ကုန်တိုင်းနှင့်မြောက်ပိုင်းခရိုင် မြေ/မျိုး/ပိုးပညာရှင်များမှ COVID-19 စည်းကမ်းချက်များနှင့်အညီ လာရောက်၍နည်းပညာပေးဆွေးနွေးခြင်း









တောင်သူများ လေ့လာနိုင်ရန် စိုက်ပျိုးဆောင်ရွက်ထားသော တောင်သူနည်းပညာပေးစံပြကွက်စိုက်ခင်းများ









ကျေးဇူးတင်ပါသည်



လမ်းညွှန်မှုကိုခံယူအပ်ပါသည်။